ဓမ္မခန္ဓာ (၅၁) လေသရမ်း (အလ် သာရီယာဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၇)၊ သုတ်ဒေသနာ အပါး (၆၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

၁။	**وَالذَّارِيَاتِ ذَرْوًا** ۞ ရမ်းသမ်းတိုက်ခတ်သော လေသရမ်းအားဖြင့်၊
၂။	**فَالْحَامِلَاتِ وِقْرًا** ۞ ဝန်ဆောင်သော တိမ်ထုအားဖြင့်၊
၃။	**فَالْجَارِيَاتِ يُسْرًا** ۞ ချောမွေ့လွယ်ကူစွာ ရွက်လွှင့်သောလေအားဖြင့်၊
၄။	**فَالْمُقَسِّمَاتِ أَمْرًا** ۞ အရေးကိစ္စများကို ဖြန့်ဖြူးခွဲဝေခြင်း အားဖြင့်။
၅။	**إِنَّمَا تُوعَدُونَ لَصَادِقٌ** ۞ ကေန်ပင် သင်တို့အား ကတိတော်ထားရာသည် တစိုက်မတ်မတ်တည်ရှိနေ၏။
၆။	**وَإِنَّ الدِّينَ لَوَاقِعٌ** ۞ ကေန်ပင် သာသနာတော်သည် ဖြတ်လွှမ်းလာမည်တည်း။
၇။	**وَالسَّمَاءِ ذَاتِ الْحُبُكِ** ۞ လမ်းကြောင်း အပြည့်ရှိသော ကောင်းကင်ယံအားဖြင့်၊
၈။	**إِنَّكُمْ لَفِي قَوْلٍ مُّخْتَلِفٍ** ۞ ကေန်ပင် သင်တို့သည် ကွဲပြားခြားနားသော စကားများ၌ ရှိကြ၏။
၉။	**يُؤْفَكُ عَنْهُ مَنْ أُفِكَ** ۞ ထိုမှ လှည့်ပြေးသူသည် လှည့်ပြေးသူတို့မှ ဖြစ်၏။
၁၀။	**قُتِلَ الْخَرَّاصُونَ** ۞ လိမ်ညာလှည့်စားသူတို့သည် တော်လှန်ခြင်းကို ခံရလတ္တံ့။[၉၉၆]

(၉၉၆) ဤဝါကျကို ဆရာတော်ကြီးများက **လိမ်ညာလှည့်စားသူတို့သည် ပျက်စီးဆုံးရှုံးရမည်သာတည်း** ဟုလည်း ပြန်ဆိုကြပေသည်။ **ကုတိလ**၏ အနက်မှာ **တော်လှန်ခြင်း။ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်း**များ ဖြစ်ပေသည်။ ထို လိမ်ညာ လှည့်စားသော သူတို့သည် လူထုအား ဖြစ်စေ အမှန်တရားအား ဖြစ်စေ အရေးမစိုက်သော ချောက်နက်ကြီးထဲတွင် ရှိနေသူများ ဖြစ်သည်ဟု နောက်ဆက်တွဲ သုတ်တော်က ဆိုထားပေသည်။

၁၁။	**الَّذِينَ هُمْ فِي غَمْرَةٍ سَاهُونَ۝** သူတို့သည် အရေးမစိုက်မှု ချောက်နက်ကြီးထဲ၌ ရှိနေ၏။
၁၂။	**يَسْأَلُونَ أَيَّانَ يَوْمُ الدِّينِ۝** သူတို့က "သာသနာ့ နေ့ကာလသည် မည်သည့်အခါနည်း၊"ဟု မေးကြ၏။
၁၃။	**يَوْمَ هُمْ عَلَى النَّارِ يُفْتَنُونَ۝** သူတို့အား အပူမီးထဲ၌ စစ်ဆေးသော နေ့ကာလပင်။
၁၄။	**ذُوقُوا فِتْنَتَكُمْ هَذَا الَّذِي كُنتُم بِهِ تَسْتَعْجِلُونَ۝** သင်တို့အား စမ်းသပ်ခြင်းကို မြည်းစမ်းကြလော့၊ ဤသည် သင်တို့ အလျှင်စလိုရှိခဲ့သော အရာ ဖြစ်၏။(၉၉၇)
၁၅။	**إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ۝** ကေန်ပင် စည်းစောင့်သူတို့သည် ဉယျာဉ်များ စိမ့်စမ်းများအတွင်း၌ ဖြစ်ရလတ္တံ့။
၁၆။	**آخِذِينَ مَا آتَاهُمْ رَبُّهُمْ إِنَّهُمْ كَانُوا قَبْلَ ذَلِكَ مُحْسِنِينَ۝** ကံကြမ္မာရှင်၏ ထံမှ ချီးမြှင့်ရာကို လက်ခံရယူလျှက်ပင်၊ ကေန်ပင် သူတို့သည် ဤမတိုင်မီက ကောင်းမွန်သူများ ဖြစ်ခဲ့ကြ၏။
၁၇။	**كَانُوا قَلِيلًا مِّنَ اللَّيْلِ مَا يَهْجَعُونَ۝** သူတို့သည် ညအချိန်၌ အနည်းငယ်သာ အိပ်စက်လေ့ရှိခဲ့၏။
၁၈။	**وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُونَ۝** နံနက်လင်းသော် သူတို့သည် လွတ်ငြိမ်းဆုပန် ရှိကြ၏။
၁၉။	**وَفِي أَمْوَالِهِمْ حَقٌّ لِّلسَّائِلِ وَالْمَحْرُومِ۝** သူတို့၏ ဥစ္စာပစ္စည်းများမှ ချို့တဲ့နွမ်းပါးသူများနှင့် မပြောမဆိုသူတို့အတွက် ရှိ၏။(၉၉၈)
၂၀။	**وَفِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ۝** စီစစ်စူးစမ်းသူတို့အဘို့ သက်သေနိမိတ်များမှာ မြေကမ္ဘာ၌–

---

(၉၉၇) ကျမ်းတော်တွင် မကောင်းမှု သို့မဟုတ် ဝဋ်ကြွေးကို သင်တို့ အလျှင်စလို ရှိနေသော အရာဟု ပြောဆိုလေ့ရှိပေသည်။ ဆိုလိုသည်မှာ လူသားသည် မကောင်းလုပ်ရန် အမြဲအလျှင်စလို ဖြစ်တတ်သော သဘာဝ ရှိလျှက် ကောင်းမှုအတွက်မူ အမြဲလေးတွဲ စဉ်းစားတတ်သော သဘာဝ ရှိသော ကြောင့်ပင်။

(၉၉၈) အစ္စလာမ် သာသနာသည် ရုပ်ပိုင်းဆိုင်ရာ နေ့တရုဝ နေထိုင်မှုအပေါ်တွင် စည်းစနစ်တစ်ကျ နေထိုင်ကျင့်ကြံခြင်းဖြင့် နာမ်ပိုင်းဆိုင်ရာကို မြင့်မားစေသော သာသနာဖြစ်ပေသည်။ သုတ်တော် ၁၇ တွင် သူတို့သည် ညအချိန်၌ အနည်းငယ်သာ အိပ်စက်ကြသည်ဟု ဆိုထားခြင်းကြောင့် တောထွက် တရားကျင့်ခြင်းမျိုးကို အားပေးသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ လူတကိုယ်ရည် ကျင့်စဉ်တွင် ညပိုင်း အအိပ်အစားလျှော့၍ တရားကျင့်ခြင်းမျိုးကို ဆိုလိုသကဲသို့ ရုပ်ပိုင်းဆိုင်ရာအရ တရားအမှောင်ကျနေသော လောကကြီး၌ မိမိ၏ ပတ်ဝန်းကျင်လူသား အသိုင်းအဝိုင်းအတွက် တရားအလင်းရောင်၊ စီးပွားရေး အလင်းရောင်၊ ကျန်မာရေးအလင်းရောင်များ ရရှိစေရန် အပတ်တကုတ် ကျိုးပမ်းမှုများကိုလည်း ဆိုလိုပေသည်။ ထိုသူများ စားရေရိက္ခာ လူနေမှုအဆင့်များတည်းဟူသော တရားအလင်းရောင်ရလာလျှင်– ဘဝင်မြင့်စိတ်ကြီးဝင်လျှက် ဘုရားမေ့ တရားမေ့ ဖြစ်မသွားစေရန် နံနက်လင်းသော် သူတို့သည် လွတ်ငြိမ်းဆုကို ပန်ကြသည်ဟု မိမိကိုယ်မိမိ အမြဲမပြတ် ဆုံးမဆင်ခြင်နေရန် သွန်သင်ခြင်း ဖြစ်ပေသည်။ ထို့ပြင် သုတ်တော် ၁၉ တွင် သူတို့၏ဥစ္စာပစ္စည်းများမှ ချို့တဲ့နွမ်းပါးသူ၊ မပြေမဆိုသူတို့ အတွက် ရှိ၏၊ ဆိုသည်မှာ လိုအပ်သူ ဆင်းရဲသူများကို ဂရုစိုက်ပျိုးထောင်ပေးရန် လိုသည်ဟု ခံယူထားသူများဖြစ်ပေသည်။ ဤဝါကျမှ မပြောမဆိုသူများ ဆိုသည်မှာ စကားမပြောနိုင်သူ၊ သို့မဟုတ် စကားပြောဆိုခြင်း မရှိသော ကျေးငှက်သာတကော တိရိစ္ဆာန်များကို ကျွေးမွေးစောင့်ရှောက်ခြင်းကို ဆိုလိုပေသည်။

၂၁။	**وَفِي أَنفُسِكُمْ أَفَلَا تُبْصِرُونَ۞** သင်တို့၏ စိတ်စရိုက်များ အတွင်း၌ ရှိနေ၏။ သင်တို့ မမြင်နိုင်ကြသလော။
၂၂။	**وَفِي السَّمَاء رِزْقُكُمْ وَمَا تُوعَدُونَ۞** ကောင်းကင်ယံ၌ သင်တို့၏ ရိက္ခာများ၊ ကတိတော်ထားရာများ ရှိနေ၏။
၂၃။	**فَوَرَبِّ السَّمَاء وَالْأَرْضِ إِنَّهُ لَحَقٌّ مِّثْلَ مَا أَنَّكُمْ تَنطِقُونَ۞** မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်အား တိုင်တည်လျက်၊ ဤသည် ပရမတ္ထသစ္စာတည်း၊ သင်တို့ စကားပြောဆိုသကဲ့သို့ပင်။(၉၉၉)
၂၄။	**هَلْ أَتَاكَ حَدِيثُ ضَيْفِ إِبْرَاهِيمَ الْمُكْرَمِينَ۞** အီဗရာဟီးမ်၏ ကျက်သရေရှိသော ဧည့်သည်များ အကြောင်း သမိုင်းကြောင်းသည် သင့်ထံသို့ ရောက်လာသလော။
၂၅။	**إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلَامًا قَالَ سَلَامٌ قَوْمٌ مُّنكَرُونَ۞** သူထံသို့ ဝင်ရောက်၍ “ငြိမ်းချမ်းပါစေ၊”ဟု ဆိုကြသော်၊ သူကလည်း “ငြိမ်းချမ်းပါစေ၊”ဟု ပြန်ပြော၏။ တစိမ်းလူမျိုးများပင်။
၂၆။	**فَرَاغَ إِلَى أَهْلِهِ فَجَاء بِعِجْلٍ سَمِينٍ۞** သူက ဝိုင်းသားများသို့ လှည့်လျက် နွားငယ်ကင်တစ်ကောင်ကို ပေးရောက်စေ၏။
၂၇။	**فَقَرَّبَهُ إِلَيْهِمْ قَالَ أَلَا تَأْكُلُونَ۞** သူတို့အား ကမ်းလှမ်းလျက် “သုံးဆောင်ကြမည် မဟုတ်လော၊”ဟု သူက မေး၏။
၂၈။	**فَأَوْجَسَ مِنْهُمْ خِيفَةً قَالُوا لَا تَخَفْ وَبَشَّرُوهُ بِغُلَامٍ عَلِيمٍ۞** ထို့နောက် သူသည် သူတို့အား ထိတ်လန့်မိသော် သူတို့က “မစိုးရိမ်လင့်၊”ဟု ဆိုလျက် ပညာဉာဏ်ရှိသော သားရတနာ အကြောင်း သတင်းကောင်းကို ပါး၏။
၂၉။	**فَأَقْبَلَتِ امْرَأَتُهُ فِي صَرَّةٍ فَصَكَّتْ وَجْهَهَا وَقَالَتْ عَجُوزٌ عَقِيمٌ۞** သူ့အမျိုးသမီးသည် မျှော်ကိုး ပူပန်လျက် သူမ၏ မျက်နှာကို သပ်ကာ “ကျွန်ုပ်သည် မြုံအသော အရွယ်အို ဖြစ်ပါ၏”ဟု ဆိုသော်၊
၃၀။	**قَالُوا كَذَلِكَ قَالَ رَبُّكِ إِنَّهُ هُوَ الْحَكِيمُ الْعَلِيمُ۞** သူတို့က “ဤသည် ကံကြမ္မာရှင်၏ စကားတော် ဖြစ်၏။ ကေန်ပင် အရှင်သည် ဓမ္မသတ်ရှင် ကုန်စင်သိသော အရှင်ဖြစ်၏၊”ဟု ဆို၏။
၃၁။	**قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ۞** သူက “အို ဉာဏ်စဉ်တော်ဆောင်တို့ သင်တို့၌ မည်သည့် မိန့်ခွန်းချက် ရှိပါသနည်း၊”ဟု မေးသော်။
၃၂။	**قَالُوا إِنَّا أُرْسِلْنَا إِلَى قَوْمٍ مُّجْرِمِينَ۞** သူတို့က ပြောသည်မှာ “ကျွန်ုပ်တို့အား ရာဇဝတ်သင့် လူမျိုးထံသို့ စေစားခြင်း ဖြစ်၍–

(၉၉၉) လူသားသည် အချင်းချင်း စကားပြောဆို ဆက်ဆံနေရသည်မှာ အမှန်ဖြစ်သကဲ့သို့ ပရမတ်ဘုရားရှင်၏ ကတိတော်မှာလည်း မှန်ကန်သည်ဟု ပမာပေးတင်ပြခြင်း ဖြစ်ပေသည်။

၃၃။	لِنُرْسِلَ عَلَيْهِمْ حِجَارَةً مِّن طِينٍ۞ ကျွန်ုပ်တို့သည် သူတို့အပေါ်သို့ မြေ ကျောက်ခဲများတို့အား စေရလိမ့်မည်၊
၃၄။	مُسَوَّمَةً عِندَ رَبِّكَ لِلْمُسْرِفِينَ۞ အလွဲသုံးစားပြုသူတို့အတွက် သင့်ကံကြမ္မာရှင်ထံတော်တွင် မှတ်သားထားပြီး ဖြစ်သည်၊”ဟု ဖြစ်၏။
၃၅။	فَأَخْرَجْنَا مَن كَانَ فِيهَا مِنَ الْمُؤْمِنِينَ۞ ထို့နောက် ငါသည် ယုံကြည်သူများကို ထိုမှ ထွက်ခွာစေတော်မူ၏။
၃၆။	فَمَا وَجَدْنَا فِيهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِينَ۞ ထို၌ ငြိမ်းချမ်းရေးဝါဒီတို့၏ အိမ်ဟူ၍ ငါ တွေ့တော် မမူချေ။
၃၇။	وَتَرَكْنَا فِيهَا آيَةً لِّلَّذِينَ يَخَافُونَ الْعَذَابَ الْأَلِيمَ۞ ထို့နောက် စူးနစ်သော ဝင့်ကြွေးဒဏ်ကို ကြောက်ရွံ့တတ်သူတို့အဘို့ သက်သေနိမိတ်ကို ချန်ထားခဲ့တော်မူ၏။
၃၈။	وَفِي مُوسَى إِذْ أَرْسَلْنَاهُ إِلَى فِرْعَوْنَ بِسُلْطَانٍ مُّبِينٍ۞ မူဆာ၌လည်း။ ငါသည် သူ့အား ဖာရိုးထံသို့ ရှင်းလင်းသော အထောက်အထားများဖြင့် စေစားတော်မူ၏။
၃၉။	فَتَوَلَّى بِرُكْنِهِ وَقَالَ سَاحِرٌ أَوْ مَجْنُونٌ۞ ၎င်းသည် မောက်မာစွာ လှည့်သွားလျှက်၊ “မှော်ဆရာ၊ အရူး၊”ဟု ဆို၏။
၄၀။	فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ وَهُوَ مُلِيمٌ۞ ငါသည် သူနှင့် သူ့စစ်တပ်အား သုတ်ငင်လျှက် ပင်လယ်ဝ၌ ပစ်ချတော်မူ၏။ သူသည်ကား အပြစ်သင့်သူ ဖြစ်၏။
၄၁။	وَفِي عَادٍ إِذْ أَرْسَلْنَا عَلَيْهِمُ الرِّيحَ الْعَقِيمَ۞ အာ့ဒ်၌လည်း၊ ငါသည် သူတို့ထံသို့ ဖျက်အားကောင်းသော လေကို စေစား၍၊
၄၂။	مَا تَذَرُ مِن شَيْءٍ أَتَتْ عَلَيْهِ إِلَّا جَعَلَتْهُ كَالرَّمِيمِ۞ ၎င်း၏ သွားလမ်းတွင် ချမ်းသာရရာ တစ်စုံတစ်ခုမရှိ၊ သို့သော် ၎င်းက ပြာမှုန့်များအဖြစ် ပြုလုပ်လိုက်သည်သာ ရှိ၏။
၄၃။	وَفِي ثَمُودَ إِذْ قِيلَ لَهُمْ تَمَتَّعُوا حَتَّى حِينٍ۞ သမု–ဒ်၌လည်း၊ သူတို့အား ယာယီကာလ အထိ ပျော်ပါးမြူးထူး နေကြလော့ဟု ပြောသောခါ။
၄၄။ ☆၇း၇၈	فَعَتَوْا عَنْ أَمْرِ رَبِّهِمْ فَأَخَذَتْهُمُ الصَّاعِقَةُ وَهُمْ يَنظُرُونَ۞ သူတို့သည် ကံကြမ္မာရှင်၏ စီမံချက်ကို အာခံကြကုန်၏။ သူတို့ ကြည့်ရှုနေစဉ်ပင် သူတို့အား တော်လည်းသံကြီးဖြင့် သုတ်ယူလိုက်၏။☆
၄၅။	فَمَا اسْتَطَاعُوا مِن قِيَامٍ وَمَا كَانُوا مُنتَصِرِينَ۞ သူတို့သည် ပြန်လည် နလန်မထူနိုင်တော့ပေ။ သူတို့သည် အကူအညီလည်း မရချေ။
၄၆။	وَقَوْمَ نُوحٍ مِّن قَبْلُ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ۞ ဤမတိုင်မီ နူးဟ်၏ လူမျိုးများ၊ ကေန်ပင် သူတို့သည် ယုတ်မာသူများ ဖြစ်၏။

၄၇။ လက်	**وَالسَّمَاء بَنَيْنَاهَا بِأَيْدٍ وَإِنَّا لَمُوسِعُونَ۞** အာကာသ၊ ငါသည် ၎င်းကို **လုပ်ပိုင်ခွင့်**ဖြင့် တည်ဆောက်တော်မူ၏။ ငါသည်ကား ၎င်းကို ကျယ်ပြန့်နေစေ၏။
၄၈။	**وَالْأَرْضَ فَرَشْنَاهَا فَنِعْمَ الْمَاهِدُونَ۞** မြေကမ္ဘာ၊ ငါသည် ၎င်းကို ဖြန့်ခင်းထားတော်မူ၏၊ ၎င်းကို ဂုဏ်ပေး ပြင်ဆင်ထားတော်မူ၏။
၄၉။	**وَمِن كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُونَ۞** ခပ်သိမ်းသော အရာ၊ သင်တို့ သတိထားမိစေအံ့ငှာ ငါသည် ၎င်းတို့ကို ပေါင်းစည်းဖွဲ့အဖြစ် ဖြစ်တည်စေတော်မူ၏။(၁၀၀၀)
၅၀။	**فَفِرُّوا إِلَى اللَّهِ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ۞** သို့ဖြစ်၍ ပရမတ်ဘုရားရှင်၏ ထံသို့သာ ခရီးနှင်ကြလော့၊ ကျွန်ုပ်သည်ကား အရှင့်အတွက် သင်တို့အား သတိပေးသူ ရိုးရိုးရှင်းရှင်းပင် ဖြစ်၏။
၅၁။	**وَلَا تَجْعَلُوا مَعَ اللَّهِ إِلَهًا آخَرَ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ۞** ပရမတ်ဘုရားရှင်နှင့်အတူ အခြားသော ဘုရားများကို မစီစဉ်ကြကုန်လင့်။ ကျွန်ုပ်သည်ကား အရှင့်အတွက် သင်တို့အား သတိပေးသူ ရိုးရိုးရှင်းရှင်းပင် ဖြစ်၏။
၅၂။	**كَذَلِكَ مَا أَتَى الَّذِينَ مِن قَبْلِهِم مِّن رَّسُولٍ إِلَّا قَالُوا سَاحِرٌ أَوْ مَجْنُونٌ۞** ဤသို့ပင်၊ ၎င်းတို့မတိုင်မီ သူတို့ထံသို့ ဥဏ်စဉ်တော်ဆောင် ရောက်လာလေသော် သူတို့က "မှော်ဆရာ၊ အရူး၊"ဟု ပြောကြသည်သာ။
၅၃။	**أَتَوَاصَوْا بِهِ بَلْ هُمْ قَوْمٌ طَاغُونَ۞** ၎င်းကို သူတို့သည် လက်ဆင့်ကမ်းကြကုန်၏၊ အမှန်မှာ သူတို့သည် စည်းပျက်သူများ ဖြစ်ကြ၏။
၅၄။	**فَتَوَلَّ عَنْهُمْ فَمَا أَنتَ بِمَلُومٍ۞** သို့ဖြစ်၍ သူတို့ထံမှ လှည့်သွားလော့၊ သင်သည် သူတို့အား အပြစ်မတင်လင့်။
၅၅။	**وَذَكِّرْ فَإِنَّ الذِّكْرَى تَنفَعُ الْمُؤْمِنِينَ۞** သတိဖေါ်ပေးလော့၊ သတိပေးခြင်းသည် ယုံကြည်သူတို့အတွက် အကျိုးဖြစ်ထွန်း နိုင်၏။
၅၆။ ☆၆း၁၀၀	**وَمَا خَلَقْتُ الْجِنَّ وَالْإِنسَ إِلَّا لِيَعْبُدُونِ۞** ပုတုဇဉ်☆နှင့် လူသားအား ငါ့ကို အမှုတော်ဆောင်ရန် အတွက်သာ ဖြစ်တည်စေခြင်း ဖြစ်၏။
၅၇။	**مَا أُرِيدُ مِنْهُم مِّن رِّزْقٍ وَمَا أُرِيدُ أَن يُطْعِمُونِ۞** ငါသည် သူတို့ထံမှ ဆွမ်းကွမ်းရိက္ခာကို မလိုလားချေ။ ငါ့အား ဆွမ်းကပ်ကျွေးမွေးရန်လည်း လိုသည်မဟုတ်ချေ။

(၁၀၀၀) ဤသုတ်တော်မှ **ဇောင်းဝ်ဂျိုင်းနိ زَوْجَيْنِ** ဆိုသည်ကို ဆရာတော်ကြီးများက ဖိုမ ပေါင်းစည်းခြင်း အဖြစ် "ဖိုမိ အစုံစုံ ဖြစ်တည်စေတော်မူ၏၊"ဟု ပြန် ဆိုကြပေသည်။ သို့သော် ထိုစကာလုံးသည် နေရာတိုင်းတွင် လင်မယားအဖြစ် ပေါင်းစပ်သည်ဟု ယူ၍ မရပေ၊ ထိုစကားလုံးကို ၈း၇ တွင် ဥဉ်စရိုက်များ ပူးပေါင်းသွားခြင်းကို သုံးနှုန်းထားကြောင်း အတိအကျ တွေ့နိုင်ပေသည်။ ဤသုတ်တော်တွင်လည်း အရာဝတ္ထုတိုင်းအား ပေါင်းစပ်ဖွဲ့စည်းဖြင့် ဖြစ်တည်စေသည် ဆိုခြင်းမှာ ဖိုမ ပေါင်းမှ ဖြစ်တည်သာသော သားစဉ်မြေးဆက်များကိုသာ ဆိုလိုခြင်း မဟုတ်ချေ။ အရာဝတ္ထုတိုင်းဟု ပြောဆိုသောကြောင့် သက်ရှိဝတ္ထု သက်မဲ့ဟု ခေါ်အပ်သော ဝတ္ထု အကုန်ပါဝင်ပေသည်။ ထိုအရာများ ဖြစ်တည်လာရန် ဒြပ်စင်များ ပေါင်းစပ်ခါတ်ပြုခြင်းများလည်း အကြုံးဝင်ပေသည်။

၅၈။	إِنَّ اللَّهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِينُ۞ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ရိက္ခာပေးသော အရှင်၊ အင်အားတော်ကို ပိုင်စိုးသည့် တန်ခိုးတော်ရှင်ဖြစ်၏။
၅၉။	فَإِنَّ لِلَّذِينَ ظَلَمُوا ذَنُوبًا مِّثْلَ ذَنُوبِ أَصْحَابِهِمْ فَلَا يَسْتَعْجِلُونِ۞ ကေန်ပင် အဝိဇ္ဇာကောင်တို့အတွက် သူတို့၏ အပေါင်းအဖေါ်များ ဝဋ်ကြွေးသင့်ရ သကဲ့သို့ ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ အလျှင်စလို မတောင်းဆိုကြကုန်လင့်။[၁၀၀၁]
၆၀။	فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن يَوْمِهِمُ الَّذِي يُوعَدُونَ۞ ဖုံးကွယ်သော သူတို့သည် သူတို့အတွက် ကတိတော်ပေးထားသည့် နေ့ကာလ၌ ပျက်စီးဆုံးရှုံးရမည် သာတည်း။

(၁၀၀၁) အဝိဇ္ဇာစီး အမိုက်သင့်နေသော သူတို့သည် မည်သည့်ခေတ်တွင် ဖြစ်စေ ဝဋ်ကြွေးဒဏ်ကို ခံစားရမည်ပင် ဖြစ်သည်ဟု ဤသုတ်တော်က ဆိုထားပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာက ပြောဆို တင်ပြနေသော ဝဋ်ကြွေး "အဿာ့ဗ်" ဆိုသည်မှာ သေလွန်ပြီးနောက်ပိုင်း သို့မဟုတ် ကမ္ဘာကြီးပျက်ပြီးနောက်ပိုင်းမှ ခံစားရမည်ဟု သွန်သင်ခြင်း မဟုတ်ချေ။ လူသားတို့၏ ကောင်းမှု ဆိုးမှုပြုလုပ်နေခြင်း အကျိုးဆက်သည် ထိုအကျိုးဆက် ပြန်သင့်ရန် စံချိန်ဒီဂရီပြည့်သည်နှင့် ပြန်သင့်နေခြင်းပင် ဖြစ်ပေသည်။ ထိုအမိုက်ကောင်၏ စံချိန် ဒီဂရီပြည့်သည့် အချိန်အား အလျှင်အမြန် ဆန္ဒစော တောင်းဆိုမနေရန်လည်း ကျမ်းတော်က တားမြစ်ပေသည်။ ဆိုလိုသည်မှာ လူသားတစ်ဦးအား မေတ္တာမဲ့မည့်အစား မေတ္တာထားနိုင်ရန်သာ သွန်သင်ခြင်း ဖြစ်ပေသည်။ အမိုက်ကောင်၏ ဇာတ်သည် သူ့လုပ်ရပ်ဖြင့်သူ နိဂုံးတံသွားမည်သာ ဖြစ်တော့သည်။